*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# စစ်နိုင်မော်ကွန်းများမှ ရှေးမြန်မာမင်းတို့၏ စစ်ရေးအမြင်

မေကြည်ကြည်သန့်[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် ကဗျာကဏ္ဍလာ မော်ကွန်းကဗျာများကို လေ့လာထားခြင်း ဖြစ်ပါသည်။ အလေ့လာခံအဖြစ် စစ်နိုင်မော်ကွန်း(၄)ပုဒ်ကို သတ်မှတ်ထားပါသည်။ စစ်နိုင်မော်ကွန်းတို့၏ သဘောသဘာဝကိုသိရှိစေပြီး ထိုမော်ကွန်းကဗျာများမှတစ်ဆင့် ရှေးမြန်မာမင်းတို့၏ စစ်ရေးအမြင်ကို သိရှိစေလိုခြင်း ဖြစ်ပါသည်။ လေ့လာရာတွင် နိဒါန်း၊ စာပေလေ့လာ ဆန်းစစ်ချက်၊ နည်းနာ၊ တွေ့ရှိချက်၊ သုံးသပ်ချက်များဟူ၍ အခန်းများခွဲကာ လေ့လာတင်ပြမည် ဖြစ်ပါသည်။ ရှေးမြန်မာ့ဂန္ထဝင်ကဗျာများကို စိတ်ဝင်စားသူများ၊ မော်ကွန်းကဗျာ လေ့လာလိုသူများအတွက်လည်း အကျိုးတစ်စုံတစ်ရာ ရရှိမည်ဟု မျှော်လင့်မိပါသည်။

**သော့ချက်ဝေါဟာရ** - ကဗျာ၊ မော်ကွန်း။

## နိဒါန်း

မြန်မာစာပေသည် မင်းတို့ထီးနန်းစိုက်ထူရာ မင်းနေပြည်တော် အဝန်းအဝိုင်းတွင် ထွန်းကားလာခဲ့ခြင်းဖြစ်သည်။ ထီးနန်းဝန်းကျင်တွင် ကျင်လည်ရသော စာဆိုတော်တို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သကဲ့သို့ မိမိတို့အရှင်သခင်ကိုလည်း ယုံကြည်ကိုးစားကြပေသည်။ ထို့ကြောင့် စာဆိုများက မင်းတို့၏ထီးနန်းဝန်းကျင်ဆိုင်ရာ အငွေ့အသက်များကို စာပေဖြင့် ဂုဏ်ပြုချီးကျူးကြသည်။ မင်းတို့၏ တိုင်းကျိုးပြည်ပြု လုပ်ခင်းဆောင်တာ ကိစ္စအဝဝကို ကဗျာစာပေဖြင့် မော်ကွန်းတင်ခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာမင်းတို့သည် မော်ကွန်း၊ ချေင်းကဗျာ အဖွဲ့များဖြင့် ဂုဏ်ပြုခံခဲ့ကြရသည်။

မော်ကွန်းကဗျာပုံသဏ္ဌာန်ကို အင်းဝခေတ်တွင် စတင်တွေ့ရသည်။ မော်ကွန်းရေးဖွဲ့သော အကြောင်းအရာသည် မော်ကွန်းစတင်ထွန်းကားခဲ့သော အင်းဝခေတ်မှာပင် အမျိုးအစား စုံလင်စွာ ပေါ်ထွက်ခဲ့ပေသည်။ အင်းဝခေတ်မော်ကွန်းများတွင် မင်းတို့ကို အခြေတည်၍ ဘုရား၊ ကျောင်း၊ ဗိမာန် စသည့် သာသနိက အဆောက်အဦဆိုင်ရာ မော်ကွန်းများ၊ မင်းခမ်းမင်းနားဆိုင်ရာ မော်ကွန်းများ၊ စစ်ရေးဆိုင်ရာမော်ကွန်းများ၊ ကန်တော်ဘွဲ့ မော်ကွန်းများ၊ ဆင်တော်ဘွဲ့မော်ကွန်းများ စသည်ဖြင့် မော်ကွန်းအမျိုးအစား စုံစုံလင်လင်ပေါ်ထွန်းခဲ့သည်။ ဤစာတမ်းတွင် များပြားလှစွာသော မော်ကွန်း အမျိုးအစားများထဲမှ “ပြည်စုန်မော်ကွန်း”၊ “ပုံတောင်နိုင်မော်ကွန်း”၊ “ရခိုင်နိုင်မော်ကွန်း”၊ “အာသံနိုင် မော်ကွန်း” ဟူသော စစ်နိုင်မော်ကွန်းများကိုသာ ဤစာတမ်းတွင် သီးသန့်လေ့လာ၍ ရှေးမြန်မာမင်း တို့၏ စစ်ရေးအမြင်ကို သုံးသပ်တင်ပြသွားပါမည်။

နိုင်ငံတစ်နိုင်ငံသည် စစ်နှင့်မကင်းကြပေ။ မင်းတို့သည်လည်း စစ်နှင့် ကင်း၍မရပေ။ ထို့ကြောင့် တိုင်းအုပ်ချုပ်မင်းလုပ်သူတို့သည် စစ်ရေးအမြင်ကြွယ်ဝဖို့လိုပေသည်။ စစ်နိုင်မော်ကွန်းများမှ ရှေးမြန်မာမင်းတို့၏ စစ်ရေးအမြင်ကို လေ့လာဆန်းစစ်ရာတွင် -

၁။ မော်ကွန်းကဗျာများသည် ရှေးမြန်မာမင်းတို့၏ စစ်ရေးအမြင်ကို ဖော်ထုတ်သိမြင်နိုင်ပါသလား။

[၁] မြန်မာစာဌာန၊ ပင်လုံတက္ကသိုလ်

၂။ ခေတ်အဆက်ဆက်မင်းတို့၏ တူညီသော စစ်ရေးအမြင်များ ရှိသလား။

၃။ မင်းတို့၏ စစ်ရေးအမြင်သည် ခေတ်စနစ်ပြောင်းလဲခြင်းနှင့်အတူ အမြင်ပြောင်းလဲမှု ရှိ၊ မရှိ။

ဟူသော သုတေသနမေးခွန်းများ ထွက်ပေါ်လာရပါသည်။ ထိုမေးခွန်းများကို အဖြေရှာရန်အတွက် ပြည်စုန်မော်ကွန်း၊ ပုံတောင်နိုင်မော်ကွန်း၊ ရခိုင်နိုင်မော်ကွန်း၊ အာသံနိုင်မော်ကွန်းတို့ကို လေ့လာသွားပါမည်။

**မော်ကွန်းသဘောသဘာဝ**

မော်ကွန်းမှာရေးဖွဲ့သည့်ကာလတွင် နန်းစံလျက်ရှိသော မင်း၏ကြိုးပမ်း ဆောင်ရွက်ချက်များကို ရေးဖွဲ့သော ခေတ်ပြိုင်မှတ်တမ်းကဗျာ ဖြစ်သည်။ မော်ကွန်းဝေါဟာရနှင့်ပတ်သက်၍ ခေတ်အဆက်ဆက် ပညာရှင်တို့က အဓိပ္ပာယ်အမျိုးမျိုး ကြံဆခဲ့ကြပါသည်။ ပုဂံဝန်ထောက်မင်း ဦးတင် (၁၉၆၉) က ကဗျာဗန္ဓသာရကျမ်းတွင် -

> **မော်ကွန်းဆိုသည်မှာ မြန်မာဘာသာဖြစ်သည်။ အမှုကွန်းဟူသော ရေးစကားမှ ရွေ့ပြီးသော် မော်ကွန်းဖြစ်သည်။ မော်ကွန်း၏အဓိပ္ပာယ်မှာ ထင်ရှားစွာမြဲမြံ တည်ထွန်းအောင် ပြုလုပ်သည်။** (စာ ၂၇)

ဟူ၍ မော်ကွန်းဝေါဟာရနှင့် အဓိပ္ပာယ်ကို ဖွင့်ဆိုပြထားပါသည်။ မော်ကွန်းအဓိပ္ပာယ်နှင့် ပတ်သက်၍ ဦးလွန်း(၁၉၅၅) ကမူ ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်းတွင် -

> **မော်ကွန်းဆိုသည်မှာ 'မော်' သဒ္ဒါ 'အတ္ထုပ္ပတ္တိ'ဟော၊ 'ကွန်း' သဒ္ဒါ 'မင်းတို့စံတော်မူရာ နန်းတော်' ဟောဖြစ်သဖြင့် မင်းတို့စံတော်မူရာ နန်းတော်၏အတ္ထုပ္ပတ္တိကို ချီးကျူးဖွဲ့ဆိုသည့် အစီအကုံးမျိုးကို ဆိုလိုသည်။** (စာ ၃၅၅)

ဟူ၍ ဖော်ပြထားပါသည်။ ဆရာကြီးဦးဖေမောင်တင် (၂၀၀၃) ကလည်း မြန်မာစာပေသမိုင်းတွင် -

> **နောင်အစဉ်အလာ တည်တံ့ခိုင်မြဲစွာမှတ်သား နာယူနိုင်ကြစေရန် ရေးမှတ်ထားသော စာရင်းအင်းမျိုးကို စကားပြေဖြင့်သာ မဟုတ်ဘဲ ကဗျာလင်္ကာဖြင့်လည်း ဆင်တော်အကြောင်း၊ နန်းတော်အကြောင်း၊ လှေတော်အကြောင်း၊ စစ်ပွဲအကြောင်း၊ ကန်တော်အကြောင်း၊ ဘုရားစေတီအကြောင်း စသည်ကို ဥဒါန်းတွင်ရစ်အောင် ရေးသားစီကုံးဖွဲ့နွဲ့ထားသည့် ကဗျာလင်္ကာများကိုလည်း မော်ကွန်းကဗျာဟူ၍ပင် ခေါ်ကြလေသည်။**
> (စာ ၈၁)

ဟူ၍ ဖော်ပြထားပါသည်။ မော်ကွန်းအဓိပ္ပာယ်နှင့် ပတ်သက်၍ဆရာမကြီးဒေါ်စီစီဝင်း(၁၉၈၄)က မြန်မာကဗျာစာတမ်းများ(ပထမတွဲ) တွင် -

> **နောင်လာနောက်သားတို့ မှတ်သားစေလိုသော အကြောင်းခြင်းရာများကို မှတ်တမ်းတင်ထားသည့်အဖွဲ့မျိုးဖြစ်သည်။** (စာ ၂၃)

ဟူ၍ ဖော်ပြထားပါသည်။

ဤသို့ဖြင့် မော်ကွန်းဝေါဟာရနှင့် ပတ်သက်၍ ပညာရှင်တို့၏ အယူအဆများမှာ ကွဲပြားခြားနား မှုမရှိကြောင်းတွေ့ရသည်။ မော်ကွန်းဟူသည့် ဝေါဟာရအဓိပ္ပာယ်ကို ခြုံကြည့်လျှင် အမှုကွန်းဟူသော စကားလုံးမှဆင်းသက်လာပြီး နောင်လာနောက်သားတို့ အစဉ်မှတ်သားစေလိုသော သဘောဖြင့်ဖွဲ့နွဲ့ သီကုံးထားသော ကဗျာလင်္ကာအဖွဲ့ ပင်ဖြစ်ပါသည်။

**မော်ကွန်းအမျိုးအစားနှင့် စစ်နိုင်မော်ကွန်းများ**

စစ်ရေးဆိုင်ရာမော်ကွန်းများသည် အခြားမော်ကွန်းများကဲ့သို့ပင် ရာဇဝင်သမိုင်းကို အထောက် အကူပြုသည့် သမိုင်းအချက်အလက်၊ အထောက်အထားများ ပါဝင်ပါသည်။ စစ်ရေးဆိုင်ရာ မော်ကွန်းများ တွင် ရှေးမြန်မာမင်းလက်ထက် မြန်မာတို့၏ စစ်အခမ်းအနား၊ အခင်းအကျင်းအပြင်အဆင်များ၊ စစ်ချီ စစ်တက် စစ်ဆင်ပုံစစ်နည်းဗျူဟာများ၊ စစ်ရေးလှုပ်ရှားမှုများစသည်ဖြင့် စစ်ရေးဆိုင်ရာကိစ္စရပ်များကို လည်း တွေ့မြင်ရပါသည်။ စစ်ရေးဆိုင်ရာကိစ္စရပ်များတွင် စစ်ဖြစ်ရသည့် အကြောင်းရင်းများနှင့် စစ်အတွက်ပြင်ဆင်ချီတက်ပုံတို့သည်လည်း အရေးပါသော အချက်တစ်ချက် ဖြစ်ပါသည်။

မော်ကွန်းများကို ရေးဖွဲ့သောအကြောင်းအရာအလိုက် အမျိုးအစားခွဲကြည့်လျှင် (၁) ဆင်တော် မော်ကွန်း၊ (၂) ကန်တော်ဘွဲ့မော်ကွန်း၊ (၃) စစ်နိုင်မော်ကွန်း၊ (၄) ရွှေနန်းဘွဲ့မော်ကွန်း၊ (၅) သာသနိက မော်ကွန်း(ဘုရား၊ ကျောင်း၊ ဗိမာန်)၊ (၆) မြစ်ဘွဲ့မော်ကွန်း၊ (၇) သံတမန်ဆိုင်ရာ မော်ကွန်း၊ (၈) နက္ခတ် ဗေဒင်ဆိုင်ရာ မော်ကွန်း၊ (၉) လောကီရေးရာမော်ကွန်းဟူ၍ အကြောင်းအရာစုံသည်ကို တွေ့ရပါသည်။

မော်ကွန်းလင်္ကာစတင်တွေ့ရှိရသော အင်းဝခေတ်မှ ကုန်းဘောင်ခေတ်တိုင်အောင် တွေ့ရှိရ သော စစ်ရေးဆိုင်ရာ မော်ကွန်းများမှာ - (၁) ပြည်စုန်မော်ကွန်း (ရှင်ထွေးညို)၊ (၂) ပုံတောင်နိုင် မော်ကွန်း (ရှင်မဟာရဋ္ဌသာရ)၊ (၃)အရေးတော်မော်ကွန်း (တွင်းသင်းဝန်)၊ (၄) မင်္ဂလာအောင်ပွဲတော်ရဲရည် တက်မော်ကွန်း (ဦးထွန်းညို)၊ (၅) အာသံနိုင်မော်ကွန်း (ဝက်မစွတ် နဝဒေး)၊ (၆) ရခိုင်နိုင်မော်ကွန်း (ဝက်မစွတ် နဝဒေး)၊ (၇) ရဲတင်းမော်ကွန်း (ဝက်မစွတ် နဝဒေး)၊ (၈) ထားဝယ်နိုင် မော်ကွန်း ဝက်မစွတ် ) (နဝဒေး၊ (၉) ယိုးဒယားနိုင်မော်ကွန်း (လက်ဝဲနော်ရထာ)၊ (၁၀) အရေးတော် မော်ကွန်း (ပုံ့ချီရွှေတောင်)၊ (၁၁) ဓညဝတီနိုင်မော်ကွန်း (လက်ဝဲနော်ရထာ)၊ (၁၂) ဇင်းမယ်နိုင် မော်ကွန်း (ဦးပုည) တို့ကိုတွေ့ရ သည်။

**စာပေလေ့လာဆန်းစစ်ချက်**

စစ်နိုင်မော်ကွန်းကဗျာများမှ ရှေးမြန်မာမင်းတို့၏စစ်ရေးအမြင်ကို စာတမ်းတစ်စောင်အဖြစ် လေ့လာရာတွင် ပထမဦးစွာလိုအပ်သော စာအုပ်စာတမ်းများကို ရှာဖွေဖတ်ရှုခဲ့ပါသည်။ မော်ကွန်း ကဗျာ၏သဘောသဘာဝများကို သိရှိနိုင်ရန်အတွက် ဒေါ်စီစီဝင်းနှင့်အများ ရေးသားသော "မြန်မာကဗျာ စာတမ်းများ" စာအုပ်၊ ပုဂံဝန်ထောက်မင်းဦးတင်၏ "ကဗျာဗန္ဓသာရကျမ်း"၊ ဦးလွန်း၏ "ကဗျာ သာရတ္ထ သင်္ဂြိုဟ်ကျမ်း"၊ ဦးဖေမောင်တင်၏ "မြန်မာစာပေသမိုင်း" စာအုပ်များကို လေ့လာ ဖတ်ရှုခဲ့ပါသည်။ စစ်ရေးဆိုင်ရာအချက်များ သိနိုင်ရန်အတွက် "မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၀)"၊ လက်ဝဲသုန္ဒရ၏ "သေနင် ဗျူဟာစစ်သမိုင်းနှင့် ဗျူဟာစက္ကိပျို့"၊ စစ်နိုင်မော်ကွန်းများ၏ အနက်အဖွင့်ကိုသိနိုင်ရန်အတွက် မရီရီခင်၏

(၂၀၀၇) ခုနှစ် ပါရဂူဘွဲ့အတွက်တင်သွင်းသော "စစ်နိုင်မော်ကွန်း (၃)စောင် စစ်တမ်းနှင့် အဖွင့်ကျမ်း"များကို လေ့လာဖတ်ရှု၍ ကိုးကားခြင်း၊ နည်းယူခြင်းများ ပြုခဲ့ပါသည်။

## နည်းနာ

စစ်နိုင်မော်ကွန်းများမှ ရှေးမြန်မာမင်းတို့၏ စစ်ရေးအမြင်ကို လေ့လာရာတွင် အချက်အလက်များကောက်ယူသည့် နည်းနှင့် ထုတ်ယူဆင်ခြင် ကောက်ချက်ချသည့်နည်းကို အသုံးပြုထားပါသည်။

## လေ့လာတွေ့ရှိချက်

ပုဂံခေတ်မှ ကုန်းဘောင်ခေတ်ထိကာလသည် မင်းအဆက်ဆက် စိုးမိုးအုပ်ချုပ်ခဲ့သော ကာလဖြစ်သည်။ ထိုခေတ်တွင် ရှင်ဘုရင်သည် နိုင်ငံတွင်အရေးပါဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ ထီးနန်းပတ်ဝန်းကျင်သည် လည်းစာဆိုတို့ အာရုံကိုင်းညွတ်ရာ နောက်ခံဝန်းကျင်ဖြစ်ခဲ့သည်။ ထို့ကြောင့်ရှေးမြန်မာစာပေများကို လေ့လာကြည့်လျှင် ဗုဒ္ဓအကြောင်းအရာကို အခြေခံသော ဗုဒ္ဓစာပေများအပြင် ထီးနန်းဝန်းကျင်ကို အခြေခံသော ရာဇရေးရာ အကြောင်းအရာများကိုပင်တဖွဲ့တနွဲ့ဖြင့် ရေးသားခဲ့ကြသည်ကို တွေ့ရသည်။ မင်းတို့၏ ကိုယ်၊ နှုတ်၊ နှလုံးအမှုအရာကို စာတင်ဂုဏ်ပြုခဲ့ကြသည်။ ထိုစာပေများတွင် မော်ကွန်းကဗျာသည် ဂန္ထဝင်မြောက်မြန်မာ ကဗျာများအဖြစ် အခိုင်အမာ ရပ်တည်လျက် ရှိပေသည်။

တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ သာယာဝပြောမှုစသည်တို့သည် မင်းတို့၏ ကိုယ်ကျင့်တရား၊ စီမံဆောင်ရွက်ချက်များအပေါ် မှီတင်းနေပေသည်။ မိမိတိုင်းပြည်သာယာ အေးချမ်းမှုပျက်ပြားအောင် ထိပါးစော်ကားလာသူများ၊ ပုန်ကန်ခြားနားကြသူများကို ဆုံးမကွပ်ကဲရန်မှာလည်း မင်းတစ်ပါး၏ အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ပြည်ပရန်ကိုသော်လည်းကောင်း၊ ပြည်တွင်းဆူပူမှုကိုသော်လည်းကောင်း နှိမ်နင်းဆုံးမခဲ့ကြရပေသည်။ စစ်မှတ်တမ်းဟု ခေါ်ဆိုအပ်သော စစ်နိုင်မော်ကွန်းတို့သည် ခိုင်မာသော အထောက်အထားများပင်ဖြစ်ပါသည်။ သုတ၊ ရသနှစ်ဖြာကို ပေးစွမ်းသော မော်ကွန်းကဗျာများအရ မင်းတို့၏စစ်ရေးအမြင်၊ စစ်နှင့် ပတ်သက်သည့် သဘောထားတို့ကို လေ့လာအကဲခတ်နိုင်ပါသည်။

စစ်ရေးဆိုင်ရာမော်ကွန်းများရေးဖွဲ့သော စာဆိုအများစုသည် တိုက်ပွဲတွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့သူများ၊ ကိုယ်တိုင်မပါဝင်သော်လည်း မိမိတိုင်းပြည်၏ နိုင်ငံ့အရေးအပေါ် စိတ်ဝင်တစားရှိကာ အကြား၊ အမြင်၊ အသိတို့ကို မှန်ကန်တိကျသော အချက်အလက်တို့ဖြင့် မော်ကွန်းတင် စာစီခဲ့သူများဖြစ်ပါသည်။ ထို့ကြောင့် မော်ကွန်းကဗျာအများစုသည် တိကျသေချာသော သမိုင်းအထောက်အထားများကိုလည်း ရရှိပါသည်။

## ပြည်စုန်မော်ကွန်း

စစ်ရေးဆိုင်ရာမော်ကွန်းတို့တွင် အစောဆုံးတွေ့ရှိရသော မော်ကွန်းမှာ စစ်လျင်ထောင်မှူးရှင်ထွေးညို၏"ပြည်စုန်မော်ကွန်း"ဖြစ်ပါသည်။ သက္ကရာဇ် (၈၃၄) ခုနှစ်တွင် ရေးသားခဲ့သည်။ ရှင်ထွေးညိုသည် 'စစ်လျင်ထောင်မှူး" ဆိုသည့်အတိုင်း ဘုရင့်တပ်မတော်ကြီး၏ ရှေ့တော်မှ အလျင်အဦး ထွက်ခွာကင်းစမ်းရသော စစ်သူရဲတစ်ထောင်ရှိသည့် ကင်းစမ်းတပ်ကို ကွပ်ကဲအုပ်ချုပ်ရသည့် ဗိုလ်မှူးကလေးဖြစ်သည်။ ထို 'စစ်လျင်ထောင်မှူး' အရာနှင့်ရှင်ထွေးညိုသည် မင်းသုံးဆက်တိုင်တိုင် အမှုထမ်းရွက်

သည်။ "ပြည်စုန်မော်ကွန်း" ရေးရခြင်းအကြောင်းမှာ (၈၃၀) ပြည့်နှစ်တွင် နန်းတက်တော်မူသော သီဟသူရမင်းသည် ညီတော်များဖြစ်ကြသော ပြည်မင်း၊ သာယာဝတီမင်း၊ ဦးရီးတော်များ ဖြစ်ကြသော မင်းရဲကျော်စွာ၊ သင်္ခယာနှင့် ယောက်ဖတော်ကလေးမင်းတို့ ပုန်ကန်သောင်းကျန်းသောကြောင့် ပြည်မြို့သို့ စုန်ဆင်းနှိပ်ကွပ်ရလေသည်။ ထိုနှစ်အတွင်းမှာပင် နှိပ်ကွပ်အောင်မြင်လေသည်။ အင်းဝဘုရင် သီဟသူရမှာလည်း ပြည်မြို့ကိုစုန်ဆင်းအောင်မြင်တော်မူသောကြောင့် "ပြည်စုန်မင်း" ဟုကျော်ကြားလေသည်။ ထိုအကြောင်းကို မော်ကွန်းရေးဖွဲ့ရာ၌ "ပြည်စုန်မော်ကွန်း" ဟု အမည်နာမတွင် လေသည်။

ပြည်မြို့သို့ စုန်ဆင်းနှိမ်နင်းရသည့်အကြောင်းနှင့် ပတ်သက်၍ ပြည်စုန်မော်ကွန်း ပိုဒ်ရေ(၆)တွင်-

**သပြေကျွန်းထက်၊ ပြည်ထောင်ဘက်တို့၊ လက်နက်ရှင်းရှင်း၊ အကုန်သွင်းလျက်၊ ပြည်မင်း ညီတော်၊ တဘော်လိုသီး၊ ဦးရီးကျော်စွာ၊ ကြေဥဿာနှင့်၊ ဗိလာကန့်လန့်၊ ရန်ညွှန့်သွယ်သွယ်၊ မာလောနယ်လျှင်၊ မြေဝယ်အကိုက်၊ တည်စလိုက်သို့၊ ပယ်ထိုက် ရန်ညောင်း၊ မစည်ကောင်းသည်၊ ကျီးပေါင်း သစ်ပင်ပမာတည်း။**

(ရှင်ထွေးညို၊ ၁၉၆၅၊ စာ ၄)

ဟူ၍ဖွဲ့ဆိုထားပါသည်။ သက္ကရာဇ် (၈၃၄) ခုနှစ်တွင် ညီတော်ပြည်စားမင်းကြီးစွာနှင့်၊ ညီတော် သာယာဝတီစားမင်းဘစော၊ ဦးရီးတော်မင်းရဲကျော်စွာနှင့် ဦးရီးတော်ငယ် စကုစားသင်္ခယာ၊ ယောက်ဖတော်ကလေးမင်း ထို(၅)ဦးတို့ ပုန်ကန်ကြသောကြောင့် စုန်ဆင်းနှိမ်နင်းခဲ့ရသည်။ လက်အောက်ခံဒေသများ မငြိမ်မသက်ဖြစ်နေသောကြောင့် အင်းဝဘုရင်ကိုယ်တော်တိုင် ပြည်မြို့သို့ မင်းခမ်းမင်းနား အပြည့်အစုံနှင့် စုန်ဆင်းသွားရောက်ရခြင်းဖြစ်သည်။

ပုန်ကန်ခြားနားကြသူများမှာ ဆွေရင်းမျိုးချာများဖြစ်သည်။ ဆွေမျိုးများနှင့် အဆင်မပြေသော် ပြည်သူအပေါင်းကလည်း ပြောစရာဖြစ်မည်။ လက်အောက်ခံပဒေသရာဇ်မင်းအပေါင်းတို့ကလည်း လေးစားမည်မဟုတ်၊ တိုင်းတစ်ပါးကလည်း ခံ့ညားမည်မဟုတ်ကြောင်း ဆင်ခြင်ကာ တိုင်းနိုင်ငံ အေးချမ်းရေးအတွက်ကြောင့် ပြည်သို့ စစ်အင်အားအစုံအလင်နှင့် ဝင်ရောက်ခဲ့ရခြင်းသာ ဖြစ်ကြောင်းကို

**တကာမျိုးဆွေ၊ မရှိသေသော်၊ ပဒေသရာဇ်၊ ဖြစ်သည့်ခပင်း၊ ပြည်ထောင်ချင်းနှင့်၊ နှောင်းကြွင်း မြေးသား၊ ဆိုဘွယ်များအံ့၊ တစ်ပါးဝေးလံ၊ သူ့နိုင်ငံကို၊ နှံ့အံ့ထားထား၊ မိမိအားလည်း၊ တိုင်းကားမလုံ၊ မပိုင်ကုံက၊ ဝန်းခြုံတင်းနာ၊ ကြေညာဟိုးဟိုး၊ တန်ခိုးသတင်း၊ ကျော်စော ခြင်းမှ၊ ကင်းအံ့တဖန်၊ အောက်မေ့တွန်သည်။ မကျန်စီးပွား နှောင်လာတည်း။**

(ရှင်ထွေးညို၊ ၁၉၆၅၊ စာ ၅)

ဟူ၍ဖွဲ့ဆိုထားပါသည်။ မိမိတိုင်းနိုင်ငံကို လုံခြုံအောင်မစောင့်ရှောက်နိုင်လျှင် မင်းတစ်ပါး၏ ဂုဏ်မှာလည်း ညှိုးနွမ်းခြင်းသို့ရောက်မည်။ တိုင်းခြားနိုင်ငံများအလယ်တွင် ဘုန်းတန်ခိုး ကျော်စောခြင်းနည်းပြီး အကျိုးစီးပွားလည်း ကင်းမဲ့လိမ့်မည်ဖြစ်သည်။ ထိုသို့တိုင်းပြည်၏ရှေ့ရေးကို တွေးကာဆွေးရင်းသားရင်း များပင်ဖြစ်သော်လည်း စည်းလုံးညီညွတ်ကြစေရန် ရည်မျှော်၍ ပြည်သို့စုန်ဆင်းတော်မူခဲ့ရခြင်းဖြစ်သည်။ တိုင်းပြည်ငြိမ်းချမ်းရေး၊ စည်ပင်သာယာဝပြောရေး၊ ဘာသာတရား ထွန်းကားရေးစသည့် တိုင်းကျိုးပြည်ကျိုးကိစ္စရပ်များသည် ရှင်ဘုရင်မင်းများထံတွင် မှီခိုနေပေသည်။ မိမိတိုင်းနိုင်ငံ အခွန့်ရှည်

တည်တံ့ရန်အတွက် စီမံကွပ်ကဲရေးသည် များစွာအရေးကြီးပါသည်။ တိုင်းပြည်၏ အနာဂတ်ကာလကောင်းမွန်ဖို့အတွက် ဆူးပြောင့်ခလုတ်ဖြစ်လာနိုင်သော အရာများကို ကြိုတင်ရှင်းလင်း သုတ်သင်ရမည်ဖြစ်သည်။ ကျောသားရင်သားမခွဲခြားဘဲ ဆုံးမတန်သူကိုဆုံးမ၊ နှိမ်နင်းတန်သူကိုနှိမ်နင်း၊ ကွပ်မျက်တန်သူကို ကွပ်မျက်ရမည်ဖြစ်သည်။ တိုင်းပြည်အနာဂတ် လုဖို့ရာအတွက် ထောက်ညှာငဲ့ကွက်သင့်သူဖြစ်သော်လည်း တိုင်းပြည်အတွက် နောင်အရှည်ကို ကြည့်မြင်တတ်ရမည်ဟူသော ရှေးမြန်မာမင်းတို့၏စစ်ရေးအမြင်နှင့် စိတ်ဓာတ်ပြတ်သားမှုကို တွေ့မြင်ရပါသည်။ တစ်နည်းအားဖြင့် ပြည်စုန်မင်းကြီး၏အမြော်အမြင်ကြီးမားသည့် စစ်ဆင်ရေး တစ်ခုဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။

မဟာသီဟသူရမင်းကြီး ပြည်မြို့သို့ သက္ကရာဇ် ရက်၊ (၁၁) ခုနှစ် တန်ဆောင်မုန်းလဆုတ် (၈၃၄) ဆောင်းကာလတွင် စစ်ချီလေသည်။ ဗေဒင်ကိန်းခန်းများအရ အချိန်ကောင်းအခါကောင်းကို ရွေးချယ်သည်။ စန်းနက္ခတ်တို့လည်း သင့်တော်ကောင်းမြတ်သော အချိန်အခါမှသာလျှင် စစ်ထွက်တော်မူသည်။ ထိုသို့ ရက်ကောင်း နေ့ကောင်းအချိန်ကိုရွေးကာ စစ်ထွက်တော်မူခဲ့သည်ကို -

**ဆောင်းသို့လှ၍၊ ရတုသာတုန်း၊ တန်ဆောင်မုန်းဟု၊ အဆုန်းဆုတ်ထွက်၊ ဆဲ့(ဆယ့်) တစ်ရက်၌၊ သင့်ကြိုက်ယတြာ၊ မှန်စွာကိန်းခန်း၊ စန်းလက်ထွန်းသည်၊ ကြငှန်း သက်လတ် အခါတည်း။** (စာ ၇)

ဟူ၍မှတ်တမ်းပြုခဲ့သည်။ အရေးကြီးကိစ္စတစ်ခုခုဆောင်ရွက်လျှင် နေ့ကောင်းရက်သာရွေးတတ်သည်မှာ မြန်မာတို့၏ ရှေးအစဉ်အလာယုံကြည်မှုတစ်ရပ်ဖြစ်သည်။ နိုင်ငံအတွက် အသက်နှင့်ရင်းရသော စစ်ဆင်ရေးသည် ပို၍ပင်အရေးကြီးပါသည်။ ထိုသို့တိုင်းပြည်အတွက် အရေးကြီး သောကိစ္စတွင် မြန်မာတို့၏ ယုံကြည်မှုအစဉ်အလာကို မေ့လျော့၍မဖြစ်ပေ။ မင်းတို့၏ ပွဲလမ်းသဘင် အခမ်းအနား မှန်သမျှကို နေ့ကောင်းရက်ကောင်း ရွေးချယ်ကာ ကျင်းပပြုလုပ်လေ့ရှိသည်။ တိုင်းပြည် အုပ်ချုပ်သော မင်းတို့သည်လည်း ထိုယုံကြည်ချက်ရှိသူဖြစ်ကြောင်း တွေ့ရပါသည်။ ဗေဒင်ကိန်းခန်း ကြည့်၍ နေ့ကောင်းရက်မြတ်ရွေးကာ စစ်ထွက်ခြင်းမှာလည်း စစ်ဆင်ရေးတစ်ခုအတွက် အရေးပါသော လုပ်ဆောင်ချက် တစ်ခုဖြစ်သည်ဟု ရှေးမြန်မာမင်းတို့ ယုံကြည်လက်ခံပေသည်။ စစ်ခရီးလမ်း တလျှောက်ကြောင့်ကြမရှိ၊ စိုးရိမ်ကင်းစွာ ခွန်အားအပြည့်ဖြင့် ဆင်နွှဲနိုင်မှသာလျှင် အောင်နိုင်ခြင်း သီးပွင့်ကို ဆွတ်ခူးနိုင်မည်ဟူသော စစ်ရေးအမြင်တစ်ခုကို တွေ့ရပါသည်။

ပြည်စုန်မင်းသည် အထူးထူးသောမင်းခမ်းမင်းနားနှင့် ကြီးကျယ်ခမ်းနားစွာ စုန်ဆင်းတော်မူသည်။ မဟာသီဟသူရသည် ရှေ့ဖျားမှဦးဆောင်ကာ ချီတက်သည်။ ရွှေလောင်း ရွှေလှေအစုံစုံတို့ ခြံရံကာ ခမ်းနားစွာထွက်သည်။ လှော်ကားလှေ၊ လောင်းလှေများမှာလည်း ဧရာဝတီမြစ်ကြော တစ်လျှောက် ဟန်ရေးပြကာ တက်ကြွစွာစစ်ချီကြသည်။ လှေတပ်သားတို့ ရေကြောင်းခရီးဖြင့် စစ်ချီပုံမြင်ကွင်းသရုပ်ကို -

**ရေယာဉ်လှေတော်၊ လှော်ခဲ့ထွက်သွား၊ လှော်ကားအန်ထောင်၊ ပဲ့စောင်လှေဦး၊ မြူးလှည့် ဝမ်းလှိုင်၊ ပြိုင်ကြသောင်းသောင်း၊ ဟန်ရေးကောင်းနှင့်၊ မြစ်ကြောင်းရှုရှု၊ ပင်လယ်ဆူသို့၊ အူအူဖွေးဖွေး၊ တံပိုးပြေးမှူ။** (စာ ၁၁)

ဟူ၍သရုပ်ဖော်ဖွဲ့ဆိုထားသည်။ ရှေးမြန်မာမင်းများသည် စစ်ဆင်ရေးအတွက် ကုန်းကြောင်း၊ ရေကြောင်း ရှိရာမှ ရေကြောင်းကို အဓိကထား အသုံးပြုကြသည်။ မြန်မာ့စစ်သမိုင်း တစ်လျှောက်တွင် 'လှေသဘော် တပ် (ရေတပ်)' ပါရှိမြဲဖြစ်သည်။ ခြေ (၁၀) ပွဲရမှ မြင်းသို့တင်သည်။ မြင်း (၁၀) ပွဲရမှ ဆင်သို့တင်သည်။ ဆင် (၁၀) ပွဲရမှလှေသို့ တင်သည်။ လှေ(၁၀)ပွဲရမှ မြို့ကံကျွေးပေး၍ သူကောင်းပြုသည်ဟု မြန်မာ့ စွယ်စုံကျမ်း အတွဲ (၁၀) တွင်ဖော်ပြ ထားသည်။ ဤစနစ်ကို ထောက်လျှင် 'လှေတပ်' ကိုအရေးပါ အရာ ရောက်ဆုံး နေရာအဖြစ်ထားကြောင်းသိရ သည်။ စစ်မျက်နှာတွင် ရေကြောင်းလှုပ်ရှားမှု အရေးပါသည် မှာ သွားလာရလွယ်ကူခြင်းကြောင့်ဖြစ်သည်။ စစ်ဆင်ရေးတွင်လမ်းကြောင်း ရွေးချယ်မှုသည်လည်း အရေးပါသည်ကိုတွေ့ရသည်။ "ပြည်စုန်မော်ကွန်း"တွင် ပြည်မြို့ကို တိုက်ခိုက်နှိမ်နင်းရာ၌ ကြည်း ကြောင်း၊ ရေကြောင်းနှစ်ဖက်ဖြင့် ဝိုင်းဝန်းပိတ်ဆို့ကြောင်းသိရသည်။ မော်ကွန်းပိုဒ်ရေ (၄၂) တွင် -

**အိမ်ရှေ့မင်းနှင့်၊ ရန်တင်းရှာရှာ၊ နော်ရထာလျှင်၊ တောင်တာခံခံ၊ ရေကြောင်းရံ၍၊**
**ရဲစံကိုကိုး၊ မင်းမျိုးမင်းဆွေ၊ တည်လေကြည်းဘက်၊ နိုင်ချင်ကြက်သို့။** (စာ ၂၃)

ဟူ၍ဖွဲ့ဆိုထားသည်။ ပြည်မြို့ကို ဝိုင်းဝန်းပိတ်ဆို့ထားသည့်အတွက်ကြောင့် ပြည်မြို့သူမြို့သားတို့ အစာရေစာငတ်မွတ်၍ အင်အားလျော့ပါးအောင် ပြုလုပ်သည့် စစ်နည်းဗျူဟာတစ်ရပ်ဖြစ်သည်။ ရန်သူ များ မသေမပျောက်ဘဲ၊ သွေးစွန်းခြင်းမရှိဘဲ မြို့တစ်ခုလုံးသိမ်းယူရရှိစေသည်။ စစ်ရေးတစ်ခုတွင် နည်းပရိယာယ်သည်လည်း အရေးကြီးကြောင်းတွေ့ရသည်။ နှစ်ဦးနှစ်ဖက် အင်အားပြန်းတီးနိုင်သော စစ်ဆင်ရေးကို အသုံးမပြုဘဲ သွေးစွန်းခြင်းမရှိ အနိုင်ယူနိုင်သည့် စစ်ရေးအမြင်တစ်ရပ်ကို တွေ့ရသည်။

"ပြည်စုန်မော်ကွန်း" သည် စာဆိုစစ်လျင်ထောင်မှူး ရှင်ထွေးညိုကိုယ်တိုင် လိုက်ပါတွေ့မြင် ရသမျှတို့ကို နေ့၊ ရက်၊ နာရီပါမကျန် မှတ်တမ်းတင်ထားပေသည်။ ထို့ပြင် မော်ကွန်းကဗျာသမိုင်းတွင် လည်း ရှေးအကျဆုံးမော်ကွန်း တစ်စောင်ဖြစ်သည်။ ဆွေတော်မျိုးတော်(၅)ဦးက ပုန်ကန်ခြားနား ကြသဖြင့် ဘုရင်ကိုယ်တိုင်ဦးစီး၍ သာယာချောင်စွာပြောဆိုစည်းရုံးခဲ့သော ငြိမ်းချမ်းရေးစစ်ပွဲအဖြစ် သိနိုင် ပါသည်။ နူးညံ့သိမ်မွေ့သော စစ်ရေးခံယူချက်အမြင်ကို တွေ့ရပါသည်။

**ပုံတောင်နိုင်မော်ကွန်း**

"ပွင့်သောပြည်လုံး၊ ထက်ဝန်းကျုံးလျှင်" အစချီ ပုံတောင်နိုင်မော်ကွန်းသည် သက္ကရာဇ် (၈၆၇) ခုနှစ် ဘုရင်ရွှေနန်းကြော့ရှင်လက်ထက်တွင် ရေးဖွဲ့ခဲ့သော စစ်မော်ကွန်းတစ်စောင် ဖြစ်ပါသည်။ ရေးဖွဲ့သူ မှာ အင်းဝခေတ် ရဟန်းစာဆိုကျော် ရှင်မဟာရဋ္ဌသာရဖြစ်သည်။ ဘုရင်ရွှေနန်းကြော့ရှင် ကိုယ်တိုင် နှိမ်နင်း တိုက်ခိုက်အောင်နိုင်ခဲ့သော မော်ကွန်းတစ်စောင်ဖြစ်ပါသည်။ စစ်ချီရခြင်းအကြောင်းမှာ ညောင်ရမ်းစား၏သား ငပြည့်ဝနှင့် တော်းတာတို့သည် တောင်ငူစားနှင့် ပူးပေါင်းကာ ပုန်ကန်ကြသဖြင့် မြန်မာသက္ကရာဇ် (၈၆၇) ခုနှစ်တွင် ဘုရင်ရွှေနန်းကြော့ရှင်ကိုယ်တိုင် ဦးဆောင်၍ အုန်းဘောင် စော်ဘွား အကူအညီနှင့် စလေပုံတောင်အရပ်သို့ ချီတက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ပြည်မင်း၊ တောင်ငူမင်းနှင့် တော်းတာတို့တပ်များပျက်၍ ဘုရင်ရွှေနန်းကြော့ရှင် အောင်မြင်တော်မူသည့် အကြောင်းအရာများကို မှတ်တမ်းတင်ထားသော မော်ကွန်းတစ်စောင်ဖြစ်ပါသည်။ စစ်ချီရခြင်းအကြောင်းကို မော်ကွန်းပိုဒ်ရေ (၅) တွင် -

**မျိုးထွေသူလောင်၊ လိုယောင်စီးပွား၊ ဖျက်စကားကို၊ ယုံမှားလိုက်နာ၊ တော့်းတာလျှင်၊ ကြမ္မာအင်ချို့၊ ပျက်မည်ထို့ကြောင့်၊ ငါတို့နတ်ရှင်၊ တင်သားကျေးဇူး၊ ထိမ်မြူးတတ်လှ၊ တောင်ငူရနှင့်၊ ညှိကြပုန်ကန်၊ ကမ္ဘာပြန်သို့။** (ရှဋ္ဌသာရ၊ မ ၁၃၃၀၊ စာ ၂ - ၃)

ဟူ၍ ဖွဲ့ဆိုထားသည်။ ညောင်ရမ်းစား ဘယကျော်ထင်၏သား မင်းတုံးတာနှင့် အဘယနန်သူဘွဲ့ခံ ညီတော်မင်းပြည့်ဝတို့သည် ငယ်ရွယ်သူများပီပီ စည်းစိမ်တွင်ယစ်မူးကြသည်။ အင်းဝမင်း၏ ကျေးဇူး သစ္စာကို မစောင့်ထိန်းဘဲ တောင်ငူမင်းနှင့်ပြည်မင်းကို ချီပင့်ကာ ဘုရင်ရွှေနန်းကြော့ရှင်ကို ပုန်ကန် ခြားနားကြသည်။ တောင်ငူမင်းသည် အင်အားတောင့်တင်းနေချိန်ဖြစ်၍ အင်းဝဘုရင်၏ လက်အောက်ခံ နိုင်ငံများကို ထိပါးနှောက်ယှက် တိုက်ခိုက်သည်။ ဘုရင်ရွှေနန်းကြော့ရှင်လည်း လက်အောက်ခံမင်းတို့ မလေးစားမခံ့ညားပါက နောင်လာအစဉ်အဆက်မင်းတို့ ကဲ့ရဲ့ပြစ်တင်မည်စိုး၍ ရဲမက်အပေါင်းကို ကိုယ်တိုင်ကြီးကြပ်ကာ ပုံတောင်အရပ်ဆီသို့စစ်ချီခဲ့သည်။ ဘုရင်ရွှေနန်းကြော့ရှင်၏ တွေးတောကြံဆ တတ်သည့် နိုင်ငံရေးအမြင်၊ စစ်ရေးအမြင် ကြွယ်ဝမှုတို့ကို ထင်ထင်ရှားရှား တွေ့မြင်ရပါသည်။

ပုံတောင်နိုင်မော်ကွန်းတွင် ဘုရင်ကိုယ်တိုင် မင်းခမ်းမင်းနားနှင့်တကွ ချီတက်ခဲ့သော မြန်မာ့ရေ တပ်မတော်၏ အပြင်အဆင်ကို ပိုဒ်ရေ (၁၄) တွင် -

**သုံးလှူပူဇော်၊ လှေကျော်လွှံထင်၊ အောင်မြင်တန်ခိုး၊ မြတ်စိုးမင်းစဉ်၊ လှေယာဉ်ရတနာ၊ ရှေ့မကွာ တည့်၊ ရွှေတာရွှေလောင်း၊ မိကျောင်းမြင်းဆင်၊ ရုပ်သွင်ပီလှ၊ ရဲလှေစသည်၊ တောက်ပဝင်းဝင်း၊ လှေခပင်းတွင်၊ လျင်ပြင်းကြွကြွ၊ သွားဘိထသို့။**(စာ ၇)

ဟူ၍ ရေးမြန်မာမင်းလှေတို့၏ အပြင်အဆင်၊ ခမ်းနားသော ရွှေလောင်းလှေ၊ ရဲလှေတို့၏သွင်ပြင် ရေတပ်မတော်၏သွင်ပြင်ကို တောက်ပဝင့်ထည့် ပေါ်လွင်စေရန် သရုပ်ဖော်ထားကြောင်းတွေ့ရပါ သည်။ စစ်ဗျူဟာအရ ကြည်းတပ်နှင့် ရေတပ်တို့ ပူးပေါင်းတိုက်ခိုက်သည့် စစ်ဆင်ရေးကိုလည်း ဖော်ပြထား သည်။ ရွှေနန်းကြော့ရှင်ကိုယ်တိုင်ဦးစီးသော မြန်မာတပ်များသည် ရေကြောင်း၊ အုန်းဘောင် စော်ဘွား၏ ရှမ်းတပ်များက ကြည်းကြောင်းမှနေရာယူကာ စစ်မျက်နှာနှစ်ဖက်ညှပ်၍ တိုက်ခိုက်ကြကြောင်းကို ပုံတောင်နိုင်မော်ကွန်း ပိုဒ်ရေ (၂၁) တွင် -

**မိုးဝမိုးသောက်၊ ချလေမြောက်သော်၊ အံ့လောက်ကောင်းဟိတ်၊ တိတ်နိမိတ်နှင့်၊ ထိတ်ထိတ် မွမ်းမွမ်း၊ ရှမ်းကားတောင်ခြေ၊ လှေကားမြန်မာ၊ နှစ်မျက်နှာကို၊ တွယ်တာငံ့သား၊ နရဖျားလျှင်၊ ကြည်းအား ငွဲ့ကွက်၊ စံပယ်လျက်တည့်။** (၁၀ - စာ ၉)

ဟူ၍ စစ်မျက်နှာ နှစ်ဖက်ဖွင့်ကာ တိုက်စစ်ဆင်ခဲ့ကြောင်းတွေ့ရပါသည်။ စာဆိုရှင်ထွေးညို ရေးဖွဲ့ခဲ့သော ပြည်စုန်မော်ကွန်းတွင်လည်း ရေကြောင်းနှင့် ကြည်းကြောင်း စစ်ကြောင်းနှစ်ခုခွဲကာ ပိတ်ဆို့ခဲ့ကြောင်း တွေ့ရသည်။ ဤသို့ရန်သူကို ညှပ်ကာပိတ်ကာ ဝန်းရံတိုက်ခိုက်သည့် စစ်နည်းဗျူဟာသည် ရှေးမြန်မာ မင်းတို့ အောင်ပွဲဗျူဟာ၊ အသုံးများသော စစ်နည်းပရိယာယ်တစ်ခု ဖြစ်ဟန်တူသည်။ ရန်သူကိုမနာ မကျင်စေဘဲ အညံ့ခံလာစေသော နည်းပရိယာယ်တစ်ခုကိုအသုံးပြု၍ နူးညံ့သိမ်မွေ့သော စစ်ဆင် ရေးဖြင့် အနိုင်ယူနိုင်ရမည်ဟူသောအမြင်မှာ မင်းတို့၏တူညီသော အမြင်များဖြစ်ကြောင်း တွေ့ရသည်။

အင်းဝခေတ်စစ်ပွဲများသည် ဘုရင်ကိုယ်တိုင်ဦးဆောင်၍ ကြည်းတပ်၊ ရေတပ်အစုံနှင့် တခမ်းတနားချီတက်ကြသည်။ ဘုရင်ကိုယ်တိုင်ဦးဆောင်၍ ရွပ်ရွပ်ချွံချွံ တိုက်ပွဲဝင်နေသည်မှာ လက်အောက်စစ်သည်တို့အတွက်လည်း ဂုဏ်ယူအားတက်ဖွယ်ဖြစ်သည်။ ခေါင်းဆောင်ကောင်းပီသသော၊ ရှေးမြန်မာမင်းတို့၏ စစ်ရေးအတွက် အစဉ်တက်ကြွလျက်ရှိသော စစ်ရေးခံယူချက် စိတ်သဘောထားကို တွေ့ရပါသည်။ ဘုရင်ကိုယ်တိုင် ခမ်းနားစွာ ချီတက်လာခြင်းမှာလည်း အင်အားတစ်ရပ်အဖြစ်မြင်သည်။ တစ်ဖက်ရန်သူကို အရှိန်အဝါဖြင့် ကြောက်ရွံ့စေရန်၊ မိမိ၏စစ်သည်ရဲမက်များကို ခွန်အားပေးခြင်း တစ်ရပ်အဖြစ်မြင်ပေသည်။

ဘုရင်ရွှေနန်းကြော့ရှင်သည်မိမိ တပ်များပုဂံသို့ ရောက်သောအခါ စစ်သည်ရဲမက်အပေါင်းကို သစ္စာရေတိုက်သည်။ ထိုအကြောင်းကို မော်ကွန်းပိုဒ်ရေ (၂၂) တွင် -

**မတ်ကြီးတကွ၊ ထော်မိုင်းစသည်၊ ထိုမျှများစွာ၊ ရဲဗိုလ်ပါကို၊ သစ္စာဖွဲ့ချည်၊ ထား (ဓား)**
**လုံရည်ဖြင့်၊ ခံတည်တိုင်တန်း၊ မိန့်ပြဋ္ဌာန်းက။** (စာ ၉)

ဟူ၍ ဖော်ပြထားသည်။ ခံတည်တိုင်တန်းထားသော သစ္စာတော်စာတမ်းကို ပြာချပြီး လက်နက်ငါးပါးစိမ်ထားသော ရေကိုသောက်ကာ သစ္စာစောင့်သိပါမည့်အကြောင်း ရွတ်ဆိုရသည်။ စစ်သည်ရဲမက်အပေါင်းတို့သည် တိုင်းပြည်နှင့် အရှင့်သခင်၏အကျိုးအတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်ကြပါမည်ဟု ကတိသစ္စာဆိုကြရသည်။ တိုင်းပြည်နှင့် အရှင်သခင်အပေါ် သစ္စာစောင့်သိစေခြင်းဖြင့် ရှင်ဘုရင်သည် စစ်သည်ရဲမက်တို့အပေါ် ယုံကြည်မှုကို ရယူသည်။ သို့မှသာလျှင် တိုင်းပြည်အပေါ် သစ္စာစောင့် သိသော၊ ယုံကြည်စိတ်ချ၍ တာဝန်လွှဲအပ်နိုင်သော တိုင်းပြည်သူရဲကောင်းများဖြစ်စေမည်။ ဤသို့ဖြင့် စစ်မော်ကွန်းမှတစ်ဆင့် သစ္စာတရားအလေးထားသော မြန်မာလူမျိုးများ၏ ယုံကြည်သက်ဝင်မှု တစ်ရပ်ကို တွေ့ရသည်။ သစ္စာတရား၏အရေးပါမှုသည် စစ်ရေးအတွက် အရေးပါဆုံး ယုံကြည်ချက် တစ်ခုဖြစ်ကြောင်း တွေ့နိုင်ပါသည်။

ပုံတောင်တိုက်ပွဲအဆုံးတွင် ပုန်ကန်ခြားနားကြသော ငတုံးတာနှင့်တကွ ဆင်မြင်းလူသူလက်နက် အမြောက်အမြားရရှိခဲ့သည်။ ထိုအချိန်မှစ၍ ပြည်မင်းနှင့် တောင်ငူမင်းတို့သည်လည်း ဘုရင်နရပတိထံ ကြောက်ရွံ့ခို့ညားလာကြသည်။ သူပုန်အပေါင်းတို့လည်း ဘုန်းတော်အောက်သို့ ဝင်ရောက်ခိုလှုံလာကြသည်။ ထိုသူအပေါင်းကိုမေတ္တာဖြင့် ရှင်ဘုရင်ကလည်း အေးငြိမ်းချမ်းသာစေရန် ဆောင်ရွက်သည်။ ချစ်မေတ္တာဖြင့် အေးချမ်းစွာ တိုက်ပွဲအဆုံးသတ် အနိုင်ယူလိုက်ပုံကို -

**ချစ်မေတ္တာဖြင့်၊ ဝင်လာသူပုန်၊ တိမ်းညွတ်ကုန်လျက်၊ လျင်ဟုန်မြစ်ဝ၊ မီးပွားကျသို့** (စာ ၁၉)

ဟူ၍ ဥပမာအလင်္ကာအသုံးဖြင့် ဖော်ပြထားသည်။ မေတ္တာဖြင့် အောင်နိုင်ခြင်းသည်သာ တည်တံ့ မြဲမြံသော အောင်မြင်ခြင်းအစစ်ဖြစ်သည်ဟု စာဆိုအမြင်ကို ဖော်ပြထားကြောင်း တွေ့ရသည်။ ရိုင်းပြစွာပုန်ကန်လာသူကို ပြတ်ပြတ်သားသား ကြမ်းတမ်းစွာ အနိုင်ယူသကဲ့သို့ အောက်ကျို့ကာ ခစားလာသူကိုလည်း အငြိုးအာဃာတမထား မေတ္တာဖြင့်တုံ့ပြန်ခြင်းသည် ရှေးမင်းတို့၏ လေးစားထိုက်သော မင်းကျင့်တရားပင်ဖြစ်သည်။ ငြိမ်းချမ်းသော တိုင်းပြည်ဖြစ်ရန်၊ ဆူပူမှုကို ငြိမ်းသတ်ရန်အတွက်

ရှေးမြန်မာမင်းတို့ စစ်ကိုတိုက်ခဲ့ကြကြောင်း တွေ့မြင်ရပါသည်။ ရှင်ဘုရင်သည် လက်ရုံးရည်သာမက နှလုံးရည်ပါ ထက်မြက်ရမည်ဟူသော ယုံကြည်ချက်အမြင် ရှိနေကြပေသည်။

**ရခိုင်နိုင်မော်ကွန်း**

'ပွင့်လေ့ဦးပြည်' အစချီ ရခိုင်နိုင်မော်ကွန်းကို မဟာသင်္ချာစည်သူ၊ မဟာသီရိစည်သူဘွဲ့ရ ဝက်မစွတ်နဝဒေးသည် (၁၁၈၃) ခုနှစ်တွင် ရေးသားစီရင်တော်မူခဲ့သည်။ ပြည်ပတွင်း စစ်ချီခဲ့သည် စစ်နိုင်မော်ကွန်းတို့တွင် တစ်စောင်အပါအဝင်ဖြစ်သည်။ ဘကြီးတော်ဘုရားကစေခိုင်း၍ ရေးရသည်။ ဘိုးတော်ဘုရားလက်ထက် (၁၁၄၆) ခုနှစ်တွင် သားတော်အိမ်ရှေ့စံ မဟာဥပရာဇာ ကိုယ်တိုင်ဦးစီး၍ ဓညဝတီသို့ ချီတက်တိုက်ခိုက်သိမ်းပိုက်ခဲ့ပုံ အဆင့်ဆင့်ကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ စစ်ချီရသည့် အကြောင်းကို မော်ကွန်းပိုဒ်ရေ (၆)တွင် -

> **ရွှေရုပ်တုပွား၊ ကိုယ်တော်စားကို၊ ကျည်းအားရေလုံး၊ တင်ရွှက်ကျုံး၍၊ မင်းဆုံးတို့သာ၊ ကိုးကွယ်ရာလိမ့်၊ မင်္ဂလာမြိုက်၊ ရာတော်ရိုက်ကို၊ သိမ်းပိုက်စံမွေ့၊ ခံထန်လေ့သည်၊ အိမ်ရှေ့ပတ်ဝှန်၊ နန်းညွှန်နတ်တု၊ စကုကာမ၊ ခွန်ပိုင်သသား၊ သုံးပါးအဘိုး၊ ရခိုင်မျိုးကို၊ မောင်တို့ သိမ်းချေ။** (နဝဒေး၊ ဝက်စွတ်၊ ၁၉၄၀၊ စာ ၃)

ဟူ၍ မဟာမုနိရုပ်ရှင်တော်ကို ပင့်ဆောင်ရန်ဟု သာသနာရေးဆိုင်ရာကို အကြောင်းပြု၍ ရခိုင်ပြည်သို့ ချီတက်တိုက်ခိုက်စေခြင်းဖြစ်ကြောင်း ပြဆိုထားသည်။ မဟာမြတ်မုနိ ရုပ်ရှင်တော်၏ အရောင်အဝါ ပိုမိုထွန်းလင်းစေရန် ရည်သန်၍ စစ်ချီရခြင်းဖြစ်ကြောင်း သာသနာရေးကို အလေးပေး ဆောင်ရွက်သော မင်းအဖြစ်မြင်လာစေပါသည်။ ရခိုင်မင်းနှင့် တိုင်းပြည်ကို ပျက်စီးစေလို၍ စစ်ချီရခြင်း မဟုတ်ကြောင်း ရခိုင်ပြည်သို့ စစ်ဆင်ရသည့် မြန်မာမင်း၏ စစ်သဘောထားနှင့် ရခိုင်စစ်ပွဲအပေါ် ခံယူချက်ကို သိမြင်စေပါသည်။

ရခိုင်ပြည်တွင်း မငြိမ်မသက်မှုကြောင့် ရခိုင်ပြည်သူတို့က မြန်မာဘုရင်ထံ အကူအညီ တောင်းခံခဲ့သည်။ ရခိုင်ပြည်ကို မြန်မာတို့လက်အောက်ခံအဖြစ် ထားလိုမှုကြောင့် ရခိုင်ကိုသိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဘိုးတော်ဘုရားသည် ရခိုင်ကိုသိမ်းပိုက်ပြီးနောက် ရခိုင်မင်းရိုးကို ဆက်လက် နန်းမတင်ခဲ့သဖြင့် ရခိုင်အမျိုးသားတို့ ထကြွခဲ့ပြန်သည်။ ထိုအခြေအနေကို ကြိုတင်တွက်ဆမိသော ဘိုးတော်ဘုရားသည် ရခိုင်ပြည်အတွင်း မြန်မာတပ်များကို အစောင့်အနေအထားဖြင့် ထားရှိခဲ့သည်။ ဘိုးတော်ဘုရား၏ စေ့စပ်သေချာသော စစ်ရေးအမြင်ကို တွေ့နိုင်ပါသည်။ ဘကြီးတော်ဘုရား နန်းတက်ချိန်တွင် ရခိုင်ပြည်တွင်း ငြိမ်သက်မှုဖြစ်စေရန် မော်ကွန်းကဗျာဖြင့် စည်းရုံးသည်။ ရခိုင်သို့စစ်ချီရသည့် သဘောထားအမှန်တစ်ရပ်မှာ ရခိုင်ပြည်ကို သစ္စာတော်ခံအဖြစ် ထားရှိလို၍ ဖြစ်ကြောင်းကိုလည်း စာဆိုက မချန်မလှပ်ဖော်ပြထားသည်။ မော်ကွန်းကဗျာတွင် -

> **ရွှေမြေအမရ၊ ခွန်တော်သ၍၊ သားကသားနောင်၊ မြေးအောင်မြစ်စဉ်၊ ဆက်လျဉ်မပြောင်း၊ ကျွန်ဖြစ် ကောင်းသား၊ အကြောင်းဖြင့်အား၊ နှုတ်တော်ထား၍။**(စာ ၃)

ဟူ၍ဖော်ပြထားသည်။ အိမ်ရှေ့မင်းသည် ရခိုင်ပြည်သို့ စစ်ချီရာတွင် ရခိုင်ပြည်သူတို့ စိတ်အနှောက်အယှက်ဖြစ်စေမည့် ကိစ္စရပ်များကို မြန်မာတပ်သားများ မကျူးလွန်မိအောင် စည်းကမ်းထုတ်ပုံ၊ ကွပ်ကဲပုံကို -

**ဥယျာဉ်ပုကြောင်း၊ သောင်းသောင်းမွှန်နည်၊ ချီအံ့ရည်သော်၊ ရေသည်ကြည်းလား၊ သူရဲများတို့၊ ထိပါးပစ်စွန့်၊ သစ်တစ်ညွန့်မျှ၊ ယူသွန့်မရှုပ်၊ ကွပ်ကဲအုပ်၍။** (စာ ၉)

ဟူ၍ဖော်ပြထားသည်။ ရခိုင်ပြည်ကို သိမ်းယူသည် မှန်သော်လည်း ရခိုင်ပြည်သူပြည်သားတို့ ထိခိုက်နစ်နာမှု မရှိစေလိုကြောင်းကို ပြဆိုထားသောအဖွဲ့ဖြစ်သည်။ ရခိုင်ပြည်သားတို့ ဒုက္ခမရောက် စေလိုသောစေတနာဖြစ်ကြောင်းကို မော်ကွန်းလင်္ကာဖြင့် သွယ်ဝိုက်သောနည်းအားဖြင့် သိစေသည်။ အာဏာဖြန့်ကျက်ရေးနှင့် တိုင်းနိုင်ငံအေးချမ်းရေးအတွက်သာ စစ်ပွဲဆင်နွှဲရခြင်းဖြစ်ကြောင်း နှိမ်နင်းခံ ပြည်သူပြည်သားတို့အပေါ်၌ ထိခိုက်နစ်နာစေလိုသော ဆန္ဒမရှိကြောင်း ရှေးမင်းတို့၏ စစ်ရေးခံယူချက်တစ်ရပ်ကို မော်ကွန်းများမှတစ်ဆင့် ခံစားမိစေပါသည်။

အိမ်ရှေ့မင်းတပ်များ ရခိုင်တစ်ပြည်လုံးကို သိမ်းမိချိန်တွင် ရခိုင်မင်းမဟာသမ္မတရာဇာသည် ကုလားပြည်သို့ထွက်ပြေးရင်း ကျွန်းသာယာ၌ ခေတ္တခိုအောင်းနေသည်။ ရခိုင်မင်းနောက်သို့ မြန်မာတပ်များလိုက်လံရှာဖွေရာ စကုမင်း၏တပ်မှ စစ်ကဲ၊ စစ်ကွပ်တို့က ရခိုင်မင်းကို ဖမ်းမိသည်။ ရခိုင်မင်းကို ဖမ်းမိသော်လည်း အသက်ချမ်းသာပေးခဲ့သည်။ ရခိုင်မင်းနှင့်မိဖုရား၊ သားသမီး၊ ဆွေမျိုးများကို ကောင်းမွန်စွာ ပြုစုစောင့်ရှောက်၍ မြန်မာမင်း၏ သစ္စာကိုခံစေသည်။

**အသက်ရှင်ရှင်၊ ဝလင်ကျွေးမွေး၊ စည်းစိမ်ပေး၍၊ မြတ်လေးကြည့်ရှု၊ ပြုလိမ့်ပြောပ၊ သမ္မတနှင့်၊ နန်းမမြောက်လယ်၊ မျိုးနွယ်ဆွေစုံ၊ ရုံရွှေရုံကို။** (စာ ၉)

ဟူ၍ လည်းကောင်း၊ စစ်မထွက်မီကပင် ကြိုတင်အမှာစကားထားရှိခဲ့ပုံကိုလည်း -

**ရခိုင်စားကို၊ မင်းဖျားပိုင်မြန်း၊ နန်းနှင့်တကွ၊ မောင်တို့ရသော်၊ သမ္မတရာဇာ၊ သက်လွတ်ညှာ၍၊ သစ္စာစေအုံး၊ ခံစေဆုံးသည်။** (စာ ၅)

ဟူ၍ လည်းကောင်းဖော်ပြထားသည်။ မင်းနှင့်တိုင်းပြည်ကို ပျက်စီးစေလို၍ စစ်ချီရခြင်း မဟုတ် ကြောင်း ထင်ရှားပေါ်လွင်စေသည့် အဖွဲ့ဖြစ်သည်။ စစ်ချီတက်ရခြင်းကို အကြောင်းပြချက်ခိုင်လုံစွာ ဖော်ပြ၍ လုပ်ဆောင်ချက်များကိုလည်း ရှေ့နောက်ညီညွတ်စွာဖြင့် သက်သေထူထားပေသည်။ တရားသောစစ်ပွဲကိုသာ ဆင်နွှဲလိုကြသည့် ရှေးမင်းတို့၏ မွန်မြတ်သော စိတ်သဘောထား စစ်ရေးအမြင်ကိုတွေ့ရပါသည်။

### အာသံနိုင်မော်ကွန်း

"ပွင့်လေ့လွှံ့နိုင်း" ချီ အာသံနိုင်မော်ကွန်းသည် ပိုဒ်ရေ (၃၅) ပိုဒ်ပါရှိသည်။ မော်ကွန်းပေါင်း (၁၆) စောင် ရေးသားခဲ့သော မော်ကွန်းနဝဒေးခေါ်သည့် ဝက်မစွတ်နဝဒေးရေးသားစီကုံးခဲ့ခြင်းဖြစ်သည်။ မော်ကွန်း၏နိဂုံးသံပိုင်းတွင် ရေးသားပြီးစီးသည့် ခုနှစ်သက္ကရာဇ် မပါရှိသည့်အတွက် ပြီးစီးသည့်နှစ်ကို အတိအကျမသိရှိရပေ။ အာသံ - မြန်မာ စစ်ပွဲသုံးကြိမ် ချီတက်တိုက်ခိုက်ခဲ့သည့် အကြောင်းကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ဘိုးတော်ဘုရားလက်ထက် (မ - ၁၁၇၈) ခု၌ ဝေသာလီအမတ် မင်းညီမင်းသား

တို့ မညီညွတ်ကြသဖြင့် ပြည်သူတို့ဒုက္ခရောက်ရမည့် အရေးကြောင့် အကူအညီတောင်းလာသဖြင့် အာသံသို့ ပထမအကြိမ် စစ်ချီရခြင်းဖြစ်သည်။ အာသံပြည်သူတို့၏ အသက်အိုးအိမ်အန္တရာယ်ကို ထောက်ရှု၍ အကူအညီပေးနှိမ်နင်းခဲ့ရသည့် သဘောကို -

**မင်းမတ်မင်းညီ၊ မလိုအီ၍၊ ဝေသာလီကျင့်၊ ခုနစ်ဆင့်ကို၊ မေးလင့်သိထွေ၊ မီးနှယ် မွှေလျက်၊ ပျက်ချေသော့အား၊ ဘုရားရှေးရှု၊ ရှုတော်မူဟု။**

(နဝဒေး၊ ဝက်မစွတ်၊ ၂၀၁၉၊ စာ ၂၅)

ဟူ၍ဖော်ပြထားပါသည်။ အာသံအမတ်များက အာသံမင်းစန္ဒရဂန္ဓရှိန်ကို နန်းချသည့်အတွက် အာသံမင်း နှင့် ပြည်သူတို့ဘဝ လုံခြုံအေးချမ်းစေရန် ကယ်တင်ပေးလိုသော စေတနာကရုဏာဖြင့် ချီတက်ခဲ့ခြင်း ဖြစ်ကြောင်းတွေ့ရပါသည်။ ရှေးမင်းတို့သည် စစ်ကိုလိုလား၍ တိုက်သည်မဟုတ် မိမိတိုင်းနိုင်ငံ၊ မိမိ လက်အောက်ခံနိုင်ငံများ၊ မိမိမိတ်ဖက်နိုင်ငံများ အေးချမ်းသာယာဖို့အတွက် စစ်ချီရသည်ဟူသောအချက် ကို ထင်ရှားစေပါသည်။

မြန်မာသက္ကရာဇ် (၁၁၈၀) ခုနှစ် ဘိုးတော်ဘုရားလက်ထက်တွင် အာသံသို့ ဒုတိယအကြိမ် စစ်ချီရပြန်သည်။ အာသံ - မြန်မာ ပထမစစ်ပွဲအောင်မြင်ပြီးနောက် မြန်မာမှူးမတ်များက ဝေသာလီ မင်း စန္ဒရဂန္ဓရှိန်ကို နန်းတင်ပေးခဲ့ကြသည်။ ဝေသာလီအမတ်တို့လည်း လက်နက်လူသူစုရုံးပြီး စစ်ဗာဟီတို့ကို ငှား၍ ဝေသာလီကို ချီတက်တိုက်ခိုက်ကြပြန်သည်။ စန္ဒရဂန္ဓရှိန်ကို ထပ်မံနန်းချကာ ဖောရော်ဇနရှိန်၏ သား ပူရွံတော်ရှိန်ကို နန်းတင်သည်။ ထိုအကြောင်းကို ဘိုးတော်ဘုရားသိ၍ ဒုတိယအကြိမ် အာသံသို့ စစ်ချီခဲ့ရပြန်သည်။ စစ်ချီရခြင်းအကြောင်းကို မော်ကွန်းပိုဒ်ရေ (၁၄) တွင် -

**မြတ်စွာဘုရား၊ သနားတော်ရေး၊ ရှုပြန်သေးလေ့၊ သားမြေးဆက်ကာ၊ စဉ်စုလာသည်၊ ပူရာကောင်းဟယ်၊ မာလောနွယ်ကို၊ လေနှယ်လွင့်မှုတ်၊ မြစ်ရင်းခုတ်က၊ ပင်ငုတ်မကျန်၊ ငြိမ်းမြဲမှန်ဟု** (စာ ၂၇)

ဟူ၍ ဖော်ပြထားသည်။ ဘုရင့်အာဏာကို အလွဲသုံးစားလုပ်သူ ပူရာကောင်းဟယ်သည် စန္ဒရဂန္ဓရှိန်ကို နန်းချနိုင်ရန်ဘင်္ဂလားမှ ကြေးစားစစ်သား(၃၇၀၀)ကို ငှားရမ်းခဲ့သည်။ ထို့ကြောင့် ဘိုးတော်ဘုရားက စန္ဒရဂန္ဓရှိန်ကိုနန်းတင်ပေးရန်၊ ဝေသာလီအမတ်တို့ နောက်နောင်တွင် မပုန်ကန်ဝံ့အောင် ပူရာ ကောင်းဟယ်ကို နှိမ်နင်းသုတ်သင်ရန် အာသံသို့ မြန်မာတပ်များ စေလွှတ်ခဲ့သည်။ သစ္စာတော်ခံအာဏာ မဆုံးရှုံးစေရေးအတွက်ဖြစ်သည်။ တစ်နည်းဆိုရသော် မြန်မာမင်း၏ ဩဇာအာဏာ သက်ရောက်မှု ဆက်လက်တည်ရှိနေစေရေးဟူသော အမြင်ကိုတွေ့ရသည်။

ဘိုးတော်ဘုရား နတ်ရွာစံပြီးနောက် ဘကြီးတော်ဘုရား ထီးနန်းဆက်ခံခဲ့သည်။ ဘိုးတော် ဘုရားလက်ထက်က နှစ်ကြိမ်တိုင်တိုင် နန်းတင်ပေးခဲ့ရသော စန္ဒရဂန္ဓရှိန်သည် ဘကြီးတော်ဘုရား လက်ထက် (၁၁၈၃) ခုနှစ်တွင် သစ္စာဖောက်ဖျက်ကာ အာသံအမတ်ပူရာကောင်ဟယ်၊ ဖောရော်ဇနရှိန်တို့ နှင့်ပေါင်းကာ အင်္ဂလိပ်စစ်ဗာရီတပ်များ၏ အထောက်အပံ့နှင့် ပုန်ကန်လေသည်။ ထို့ကြောင့် အာသံ - မြန်မာ တတိယအကြိမ်စစ်ဖြစ်ပွားခဲ့သည်။ မော်ကွန်းပိုဒ်ရေ (၂၃) တွင် -

**စန္ဒရမင်း၊ မြစ်ရင်းမှန်ကန်၊ ပြောင်စွယ်ချွန်ကို၊ ပုစွန်ကြံ့နေ၊ ဖျိုင်းထက်ပွေ၍၊ ပြည့်မွေမှုးမတ်၊ လှည့်ပတ်လှဲဘောက်၊ ပင်လယ်ချောက်မျှ၊ အနောက်တလွှား၊ မြောက်ကုလားတို့၊ လက်နားစစ်ခံ၊ အရံအကာ၊ ဒန္တာဇလ၊ တောင်မတလျော၊ မြစ်ရေကြောကို၊ . . .၊ မြန်မာ့သနင်း၊ မင်းတို့ပိုင်လျဉ်၊ ဆိုစဉ်စကား၊ မည်မကြားတည့်၊ . . . ၊ စန္ဒရအား၊ လက်တွင်ထားပြီး၊ ခိုက်ပွားရန်စေး၊ မီးနှယ် မွှေးသော်။** (စာ ၃၃)

ဟူ၍ အာသံအခြေအနေကို ကြားသိရသည့်နေမှစ၍ အာသံသို့ တပ်များစေလွှတ်ရန် ဘကြီးတော် မိန့်တော်မူခဲ့သည်။ အာသံသို့ တတိယအကြိမ်စစ်ချီရခြင်းမှာ မိမိ၏သစ္စာခံမင်းက မိမိကိုပြန်လည် ပုန်ကန်သည့်အပြင် မြန်မာတို့၏ ဩဇာသက်ရောက်မှု ပျောက်ကွယ်သွားတော့မည့် အခြေအနေကို ထိန်းသိမ်းလို၍ဖြစ်ကြောင်း တွေ့ရသည်။

စစ်ဆင်ရာတွင် စိတ်ဓာတ်စစ်ဆင်မှုသည်လည်း အရေးပါသည်။ ရန်သူ၏စိတ်ဓာတ် ပျက်ပြားအောင် ထိုးနှက်ရသကဲ့သို့ မိမိ၏စစ်သည်များ စိတ်ဓာတ်တက်ကြွလာအောင် အားပေးလှုံ့ဆော်ခြင်း ပြုရန်လိုသည်။ မြန်မာတပ်များကို စစ်ဗာဟီကုလားများက ဖိတိုက်ရာ မြန်မာရဲမက်တို့ ထိခိုက် ဒဏ်ရာရကြသည်။ ထွက်ပြေးရမည့်အခြေအနေနှင့် ကြုံလာသည်။ ဤအချိန်တွင် ကျီးဝန်ရောက်လာပြီး ရဲမက်တို့ကို စိတ်ဓာတ်တက်ကြွအောင်နှိုးဆော်သည်။ ချီးသာစွာနှစ်သိမ့်အားပေးသည်။ ကျီးဝန်ကိုယ်တိုင် တပ်များကို ကွပ်ကဲ၍လည်းကောင်း၊ မြန်မာရဲမက်များအနီး၌ ခြံရံ၍လည်းကောင်း တိုက်ခိုက်သည်။ မြန်မာရဲမက်တို့ကို သူ့တပ်ကိုယ့်တပ်မခွဲခြားဘဲ နေရာမရွေးဘဲ တိုက်ခိုက်ခဲ့ခြင်းကြောင့် မြန်မာတို့ နေ့ချင်းပင် အလွယ်တကူ အောင်ပွဲဆင်နိုင်ခဲ့သည်။ ဤသည်ကို မော်ကွန်းပိုဒ်ရေ (၁၉) တွင် စာဆိုက -

**ရဲမက်ပေါင်းကို၊ နှုတ်ကောင်းငြိမ့်ချော၊ နှစ်သိမ့်စေမှု၊ ရံနေကိုယ်ကြပ်၊ မှူးကဲကွပ်လျက်၊ သူ့တပ်တို့တပ်၊ အောင်ရပ်မရွေး၊ လုံးထွေးထွေး၍၊ လက်နွေးလွယ်ကူ၊ နေ့ချင်းယူရှင့်**

(စာ ၃၀ - ၃၁)

ဟူ၍ဖော်ပြထားသည်။ စစ်ဆင်ရေးတွင် စိတ်ဓာတ်စစ်ဆင်ရေးသည်လည်း အရေးပါကြောင်း တွေ့ရသည်။ မြန်မာမင်းတို့၏ စစ်ရေးကိုင်တွယ်တတ်မှု နည်းပညာကို လေးစားအတုယူဖွယ် တွေ့ရပါသည်။

**သုံးသပ်ချက်**

ပဒေသရာဇ်ခေတ်တွင် အုပ်ချုပ်သူဘုရင်တို့သည် မိမိတို့၏အချုပ်အခြာအာဏာ တည်မြဲရေး၊ နိုင်ငံတော်အေးချမ်းသာယာရေး၊ အချင်းချင်းစည်းလုံးညီညွတ်ရေးတို့အတွက် စစ်ပွဲများ ဆင်နွှဲခဲ့ကြသည်။ မိမိလက်အောက်ခံ ပဒေသရာဇ်မြို့များကို နှိမ်နင်းဆုံးမလိုသောအခါ ဘုရင်ကိုယ်တိုင် စုန်ဆင်းကာ ဆုံးမသည်ကို တွေ့ရပါသည်။ နိုင်ငံအင်အားချဲ့လို၍ ချီတက်ရာတွင် မင်းကိုယ်တော်တိုင်သော်လည်းကောင်း၊ သားတော်အိမ်ရှေ့ဥပရာဇာတို့ကို ဦးဆောင်စေ၍ သော်လည်းကောင်း၊ လက်ရုံးစွမ်းရည်အားဖြင့် အားကိုးရသော စစ်သေနာပတိတို့ကို တာဝန်ပေးဦးဆောင်စေ၍လည်းကောင်း တိုက်ပွဲဆင်သည်ကို တွေ့ရသည်။ စစ်ချီရာတွင်လည်း အခွင့်သာတိုင်း ရေတပ်၊ ကြည်းတပ် နှစ်တပ်ဖြင့် လုပ်ကြံလေ့ရှိကြောင်း တွေ့ရသည်။ တိုက်ပွဲအများစုသည် လက်အောက်ခံ နယ်ပယ်များက ဩဇာမခံလို၍ ဆူပူကြရာတွင် သွားရောက်နှိမ်နင်းတိုက်ခိုက်ခဲ့သော တိုက်ပွဲများ၊ ညီနောင်အချင်းချင်း ဖြစ်ပွားသည့်

တိုက်ပွဲများ၊ ပြည်ပကျူးကျော်စစ်ကို တွန်းလှန်ရသည့် တိုက်ပွဲများဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ခိုင်လုံသော အကြောင်းအရင်းတစ်ခုကြောင့် စစ်ချီကြသည်ကိုတွေ့ရသည်။ တရားမျှတသော စစ်ပွဲကိုသာ ဆင်နွှဲကြသော ရှေးမြန်မာမင်းတို့၏ ဂုဏ်ရည်ကိုတွေ့ရသည်။ ဘုန်းတန်ခိုးတည်မြဲလို၍၊ ဘုန်းတန်ခိုး ဖြန့်ကြက်လို၍ စစ်ကိုဆင်နွှဲကြသည်။ ကိုယ့်မြေကိုယ့်ရေကို အထိအပါးမခံလိုသောစိတ်၊ လက်မလွတ် အောင် ကာကွယ်ရမည်ဟူသောစိတ်၊ အချုပ်အခြာအာဏာ တည်မြဲစေလိုသော စိတ်တို့ဖြင့် စစ်ကို ဆင်နွှဲခဲ့ကြသည်။ အချုပ်အခြာအာဏာကို ထိပါးနှောက်ယှက် လာပါကလည်း အသက်စွန့် ကာကွယ် ရမည်။ ဦးဆောင်ဆင်နွှဲရမည်ဟူသော ရှေးမင်းတို့၏အမြင်မှာ တူညီကြ သည်။ စိတ်ဓာတ်၊ စည်းကမ်းနှင့် ပတ်သက်၍လည်း ရန်သူပင်ဖြစ်စေကာမူ သွေးမစွန်းရေးကို အဓိကထားသည့်အချက်မှာ လည်း မင်းတို့၏ တူညီသောစစ်ရေးအမြင်ဖြစ်သည်။ လက်ရုံးရည်သာမက နှလုံးရည်ပါထက်မြက်ရမည် ဟူသောအမြင် တို့မှာလည်း ယနေ့ထက်တိုင် ခေတ်မီနေသော စစ်ရေးအမြင်၊ စစ်ရေးခံယူချက် သဘောထားများအဖြစ် သုံးသပ်တွေ့ရှိရပါသည်။ ထိုအမြင်တို့ကို စစ်နိုင်မော်ကွန်းများမှ တစ်ဆင့် ဖော်ထုတ်သိမြင်ရပေသည်။

**နိဂုံး**

မင်းနှင့်တကွ စစ်သည်တော်များ၏ စွမ်းရည်ကို ဖော်ထုတ်တင်ပြထားသည့် စစ်သမိုင်း မော်ကွန်း များကို လေ့လာရသည့်အတွက်ကြောင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်တက်စေပါသည်။ ရှေးမင်းတို့၏ ကိုယ်၊ နှုတ်၊ နှလုံးအမူအရာတို့ကိုလည်း လေးစားဖွယ် ဂုဏ်ရည်တစ်ရပ်အနေဖြင့် မှတ်သားရပါသည်။ စစ်ပွဲတစ်ခုဆင်နွှဲရခြင်း၏ အခြေခံအကြောင်းတရားကိုလည်း အသိအမြင်ပွားရပါသည်။ နိုင်ငံ တစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည် တည်မြဲရေးအတွက် စစ်ပွဲသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍ တစ်ရပ်ဖြစ် ကြောင်း စစ်မော်ကွန်းများက သက်သေခံနေပါသည်။

## ကျမ်းကိုးစာရင်း


စီစီဝင်း၊ ဒေါ်။ ။(၁၉၈၄)***မြန်မာကဗျာစာတမ်းများ***၊ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

တင်၊ ဦး၊ ပုဂံဝန်ထောက်မင်း။ ။(၁၉၆၉)***ကဗျာဗန္ဓသာရကျမ်း***၊ ရန်ကုန်။ လယ်တီမဏ္ဍိုင်။

ထွေးညို၊ ရှင်။ ။(၂၀၁၈)***ပြည်စုန်မော်ကွန်း***၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

နဝဒေး၊ ဒုတိယ။ ။(၁၉၄၀)***ရခိုင်နိုင်မော်ကွန်း***၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

နဝဒေး၊ ဒုတိယ။ ။(၂၀၁၉)***အာသံနိုင်မော်ကွန်း***၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ဖေမောင်တင်၊ ဦး။ ။(၂၀၀၃)***မြန်မာစာပေသမိုင်း***၊ ရန်ကုန်၊ စံပယ်ဦး။

ရဠသာရ၊ ရှင်မဟာ။ ။(၁၃၃၀- မ)***ပုံတောင်နိုင်မော်ကွန်း***၊ ရန်ကုန်၊ ဓူဝံသတင်းစာပုံနှိပ်တိုက်။

လွန်း၊ ဦး။ ။(၁၉၅၅)***ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်း***၊ ရန်ကုန်၊ မှုပိုင် မောင်ဘရှင်။ -